# ၁၉၅၆ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ပြည်ထောင်စု မြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၄,၆၉,၀၄,၄၁၀ (ဤအက်ဥပဒေ ဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၆ ခုနှစ်၊နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂) အရခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ စုစုပေါင်းကျပ်ငွေ ၄,၀၇,၆၀,၁၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ပြည်သူ့ထံမှဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း၊ ထိုနှစ်အတွင်း ထိုငွေများကိုဘဏ္ဍာရေးဝန်ကြီးအား၊ ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း အာမခံစာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များသွင်းထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရထုတ်ပေးသည့် အာမခံစာချုပ်များနှင့်သက်ဆိုင်သောငွေရင်းနှင့် အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) ၌ ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၅၅ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၅ ခုနှစ်၊အက်ဥပဒေ အမှတ် ၄၄) အရခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

အဘိုး—၁၀ ပြား]

## ဇယား

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|
| | | | ကျပ်။ |
| အဂေါက်ဇာတ်နှင့်နိုင်ငံတွင်းအကောက်တော် | ... | ... | ၉,၈၂,၃၄၀ |
| မြန်မာနိုင်ငံတော်အောင်ဘာလေသိန်းဆု | ... | ... | ၇၃,၁၆၀ |
| မြေခွန်တော် ... | ... | ... | ၁၁,၀၃,၅၀၀ |
| သစ်တော ... | ... | ... | ၉,၀၅,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | ... | ... | ၉,၇၆,၇၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... | ... | ... | ၅,၆၂,၅၀၀ |
| အတိုးနှင့်ကြွေးမြီ ... | ... | ... | ၁၁,၇၉,၅၃၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... | ... | ... | ၂၀ |
| တရားရေး ... | ... | ... | ၂,၂၁,၃၀၀ |
| အကျဉ်းထောင်များ ... | ... | ... | ၁၀,၇၁,၄၀၀ |
| သာသနာရေးကိစ္စများ ... | ... | ... | ၀၀,၀၀,၀၀၀ |
| နိုင်ငံခြားရေး ... | .. | ... | ၂၉,၇၅,၇၀၀ |
| ပညာရေး ... | ... | ... | ၁,၃၇,၁၁,၁၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | ... | ... | ၉,၂၁,၁၅၀ |
| အထွေထွေဌာနများ ... | ... | ... | ၁၃,၉၅,၃၇၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... | ... | ... | ၂,၇၄,၄၄၀ |
| ဝင်ရှင်လစာငွေများ ... | ... | .. | ၃၃,၇၈,၀၀၀ |
| အထွေထွေ ... | ... | ... | ၂၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | ... | ... | ၈,၀၀,၀၀၀ |
| အထူးကုန်ကျငွေများ ... | ... | ... | ၅၂,၆၉,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း | ... | ... | ၁၄,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | ... | ... | ၀၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ | | ... | ၁,၀၀,၀၀,၀၀၀ |
| | ပေါင်း | ... | ၄,၆၉,၀၄,၄၁၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၁၂၊ တရားရေးဝန်ကြီးဌာန၊ ၉-၁၁-၅၆—၂,၂၀၀—၂။